**တိရစ္ဆာန်ဆေးကုဌာန**

**ကချင်ပြည်နယ် တိရစ္ဆာန်ဆေးကုဝန်ထမ်း (အောက်တန်း) အဖွဲ့နည်းဥပဒေများ**

**အမှတ် ၁၇၈**

**ရန်ကုန်မြို့၊ ၁၃၁၈ ခု၊ ဝါခေါင်လပြည့်ကျော် ၈ ရက်။**

**(၁၉၅၆ ခု၊ ဩဂုတ်လ ၂၉ ရက်။)**

Myanmar Law Information System (MLIS)

အမှတ် ၁၇၈။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၇၄ အရ၊ ကချင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အောက်ဖေါ်ပြပါကချင်ပြည်နယ် ဝန်ထမ်းအဖွဲ့နှင့် စပ်လျဉ်းသော နည်းဥပဒေများကို ပြဋ္ဌာန်း၍ အများသိစေရန် ကျေညာလိုက်ပါသည်။

**ပဌမပိုင်း**

**အထွေထွေ**

၁။ ။ ဤနည်းဥပဒေများကို၊ **ကချင်ပြည်နယ် တိရစ္ဆာန်ဆေးကုဝန်ထမ်း (အောက်တန်း) အဖွဲ့နည်းဥပဒေ မျာ**းဟု ခေါ်တွင်စေပါမည်။

၂။ ။ ကချင်ပြည်နယ်တိရစ္ဆာန်ဆေးကုဝန်ထမ်း (အောက်တန်း) တွင်တိရစ္ဆာန်ဆေးကု အင်စပက်တော် များ (Veterinary Inspectors) နှင့် တိရစ္ဆာန်ဆေးကုဆရာများ (Veterinary Assistants) သာပါဝင် လေသည်။

**ဒုတိယပိုင်း**

**အဖွဲ့**

၃။ ။ ခွင့်ပြုထားသော အဖွဲ့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တိရစ္ဆာန်ဆေးကုအင်စပက်တော်များ | .... | ၆ |
| (ခ) | တိရစ္ဆာန်ဆေးကုဆရာများ | .... | ၁၁ |

**တတိယပိုင်း**

**ခန့်ထားရေး**

၄။ ။ တိရစ္ဆာန်ဆေးကုဌာနညွှန်ကြားရေးဝန်သည်၊ ၎င်းအား၊ ပြည်နယ်ဥက္ကဋ္ဌက ခွင့်ပြုထားပါက၊ သို့မဟုတ် ပြည်နယ်ဥက္ကဋ္ဌသည် ဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်များအား၊ အောက်ပါအတိုင်းခန့်ထား မည်။

(၁) **တိရစ္ဆာန်ဆေးကုအင်စပက်တော်များ**

(က) တိရစ္ဆာန်ဆေးကုအင်စပက်တော်များ တိုက်ရိုက်ခန့်ထားခြင်းမှာ၊ (၁) အသိအမှတ်ပြုသော တိရစ္ဆာန်ဆေးကောလိပ်များမှ အောင်မြင်လာသောကျောင်းသားများမှ ရွေးချယ်ခန့်ထားခြင်း၊ သို့မဟုတ် (၂) အထူးကိစ္စတရပ်အနေဖြင့် လုပ်သင့်သော ကိစ္စများ၌ ရွေးချယ်ခန့်ထားစေခြင်းများ ပြုလုပ်ရပါမည်။ သို့မဟုတ်

(ခ) တိရစ္ဆာန်ဆေးကုဆရာများမှ အင်စပက်တော်အဖြစ် တိုးတက်ခန့်ထားခြင်းပြုလုပ်ရပါမည်။

(၂) **တိရစ္ဆာန်ဆေးကုဆရာများ**။ ။ တိရစ္ဆာန်ဆေးကုဆရာများကို၊ အင်းစိန်မြို့၊ တိရစ္ဆာန်ဆေး ကောလိပ်မှ အောင်မြင်လာသော ကျောင်းသားများမှတိုက်ရိုက်ခန့်ထားခြင်းများဖြင့် ပြုလုပ်ပါမည်။

၅။ ။ တိုက်ရိုက်ခန့်ထားခြင်းခံရသူများသည်၊ (က) အခြေခံဥပဒေပုဒ်မ ၁၁ အရ၊ မြန်မာနိုင်ငံတော်သား ဖြစ်ရမည့်ပြင်၊ မြန်မာစာကို ကောင်းမွန်စွာတတ်ကျွမ်းရမည်။ (ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။ (ဂ) အထက်ပါဝန်ထမ်းတွင် ခန့်ထားရန်အတွက် ခရိုင်ဆရာဝန်ကြီး ရာထူးအဆင့်အတန်းအောက် မနိမ့်သော ဆေးဘက်ဆိုင်ရာအရာရှိက သတ်မှတ်ထားသည့် ပုံစံဖြင့် ထုတ်ပေးသော ကျန်းမာကြောင်းဆေး လက်မှတ်ကို တင်သွင်းရမည်။

## စတုတ္ထပိုင်း

## ရာထူးစည်းမျဉ်းများ

၆။ ။ (၁) ဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်သည်၊ အမြဲတမ်းခန့်ထားခြင်းမခံရမီ အစမ်းခန့်ထားခြင်းခံရ မည်။

(၂) ဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်များသည်၊ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံမှသာလျှင် အမြဲ တမ်းခန့်ထားရမည်-

(က) အစမ်းခန့်ထားခြင်း ၂ နှစ်ပြည့်မြောက်ရမည်။

(ခ) မိမိ၏အထက်အရာရှိက အမြဲတမ်းခန့်ထားသင့်ကြောင်း ထောက်ခံချက်ရရှိရမည်။

၇။ ။ ဝန်ထမ်း (အောက်တန်း) တွင် အစီအစဉ်သတ်မှတ်ခြင်းသည် တိုက်ရိုက်ခန့်ထားသော အင်စပက် တော်များအတွက်မှာမူ ဝန်ထမ်း (အောက်တန်း) အဖွဲ့တွင် စတင်ဝင်ရောက်လုပ်ကိုင်သောနေ့ အစီအစဉ် အတိုင်းသတ်မှတ်မည်ဖြစ်ပြီး၊ တိရစ္ဆာန်ဆေးကုဆရာများမှ တိုးတက်ခန့်ထားခြင်းခံရသူများအတွက်မှာ မူ ၎င်းတို့သည် ပြည်နယ်အတွင်း၌ရာထူးပြန်လျော့ချထားခြင်းမခံရဘဲ တဆက်တည်းဆောင်ရွက်ခဲ့ပါက ခေတ္တတိရစ္ဆာန်ဆေးကုအင်စပက်တော်အဖြစ် တိုးတက်ခန့်ထားသည့်နေ့မှစ၍ အစီအစဉ်သတ်မှတ်ခွင့်ပြု သည်။ တိရစ္ဆာန်ဆေးကုဆရာများအတွက် မှတ်စဉ်သတ်မှတ်ခြင်းမှာ ၎င်းတို့တိရစ္ဆာန်ဆေးကုဆရာ အဖြစ်စတင်ဝင်ရောက်သော နေ့အစီအစဉ်အတိုင်းသတ်မှတ်ပါမည်။

၈။ ။ ကချင်ပြည်နယ်တိရစ္ဆာန်ဆေးကုဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်များ၏ လစာနှုန်းထားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အင်စပက်တော်များ ကျပ် ၂၀၀–ကျပ် ၁၀–ကျပ် ၃၀၀။

(ခ) ဆေးကုဆရာများ ကျပ် ၁၁၀–ကျပ် ၁၀–ကျပ် ၂၀၀။

Myanmar Law Information System (MLIS)

၉။ ။ ဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်များသည်၊ အခြားသူများ၏ ပုဂ္ဂလိကကိုယ်ပိုင်တိရစ္ဆာန်များအား၊ ဆေးကုသပေးခြင်းမှ မတားမြစ်ပါ။ သို့သော် ကုသပေးခြင်းအတွက် အခငွေများကို တိရစ္ဆာန်ဆေးကု ဌာနညွှန်ကြားရေးဝန်က ရေးမှတ်ထားသော အထူးအကြောင်းများအရသာလျှင် တောင်းယူရနိုင်ခွင့်ရှိ မည်။

၁၀။ ။ ဤနည်းဥပဒေများတွင်မပါရှိသော ရာထူးစည်းမျဉ်းများနှင့် စပ်လျဉ်း၍၊ ကချင်ပြည်နယ် တိရစ္ဆာန်ဆေးကုဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်များသည်၊ ယေဘုယျအားဖြင့် အစိုးရ၏အလားတူ အတန်းအစားအရာရှိများလိုက်နာရသော အခြားစည်းမျဉ်းအတိုင်းဖြစ်စေရမည်။

အမိန့်အရ၊

သက်တင်၊

အတွင်းဝန်၊ ကချင်ပြည်နယ်အစိုးရ။

Myanmar Law Information System (MLIS)